တင်မိုးခိုင်

# ဂန္ထဝင်လူပျိုကြီး နှင့် မော်ဒယ်ဂဲလ် ပြဿနာ

အပါအဝင်

## ဟာသဝတ္ထုတိုစု





## ချမ်းမြွေ့ဝင်းနှင့် စကားပြောခြင်း

တစ်နေ့တွင် မတွေ့ရသည် မှာ ကြာပြီဖြစ်သော သူငယ်ချင်း ကေသီနှင့် မြို့ထဲတစ်နေရာ၌ မမျှော်လင့်ဘဲဆုံမိသည် ။ သူ လက်ထပ်ပြီးကတည်းက သျှောင်နောက် ဆံထုံးပါသွားလေသောကြောင့် ယခုမှ ရန်ကုန်ပြန်ရောက်ကာ တွေ့ရခြင်း ဖြစ်၏။ သူငယ်ချင်းနှစ်ယောက်သား မြင်မြင်ချင်း ဖက်လှဲတကင်း နှုတ်ဆက်မိကြသည် ။ တွေ့ရတာဝမ်းသာကြောင်း၊ စာမရေးဖြစ်သော်လည်း စိတ်ကတော့အမြဲ သတိရနေကြောင်း အပြန်အလှန်ပြောကြပြီးနောက် ကေသီက

'နင်ကော . . . ဘယ်နှယောက်ရနေပြီလဲ'

'ဟေ . . . ဘာ ဘယ်နှယောက်လဲ'

'ကလေးလေ'

' ဟ . . . ဘာဆိုင်လို့ လဲ'

'ဟင် . . . နင် အိမ်ထောင်ကျနေပြီ မဟုတ်ဘူး လား'

'ဟာ . . . ဘယ့်နှယ့် မဦးမချွတ် . . . ကျွတ်'

ကျွန်မ စိတ်မချမ်းမြေ့စွာ စုပ်သပ်မိသည် ။

သည့် တော့မှ ကေသီသည် ပို၍ ဝမ်းသာအားတက်သွားပုံနှင့် သူ၏ သားတော်မောင်နှစ်ယောက်အကြောင်း ခပ်ကြွားကြွားပြောတော့သည် ။ သားကြီးက ခုနတန်းရောက်နေပြီဖြစ်ကြောင်း၊ နှစ်စဉ် ပညာရည်ချွန်ဆု ရ၍ အားကစားလည်း ထူးချွန်ကြောင်း၊ ကျောင်းဘောလုံးအသင်း လက်ရွေးစင်ဖြစ်ကြောင်း၊ အငယ်လေး ကတော့ သုံးနှစ်ပဲရှိသေးကြောင်း၊ သားငယ်ကို မူကြို မထားရသေးကြောင်း၊ မူကြို မထားရသေးမီမှာ ပင် စ က ာ းတွေ့ တ တ် လွ န် း၍ အမေကတောင် သူ့ဆီက ပြန်၍ သင်ယူရမလိုဖြစ်နေကြောင်း တတွတ်တွတ် ပြောတော့သည် ။

သည့် နောက် သူက လိုက်လှဲပျူငှာစွာဖိတ်ခေါ်သောကြောင့် သူ့ အိမ်သို့ အလည်လိုက်ပါသွားဖြစ်သည် ။ အိမ်ရောက်တော့ ကေသီက ကျွန်မကို ဧည့်ခန်းမှာ နေရာချထား၍

'ကဲ . . . သူငယ်ချင်း ခဏထိုင်ဦးနော်၊ အေးအေးဆေးဆေးပေါ့၊ ငါ အဝတ်လဲပြီး စားစရာတစ်ခုခုလုပ်လိုက်ဦးမယ်'

ဟု ပြောကာ အိပ်ခန်းတွင်းဝင်သွားပြီးတစ်ဆက်တည်း . . .

'သားလေး . . . အိမ်ရှေ့မှာ မေမေ့သူငယ်ချင်းရောက်နေတာ သွားနှုတ်ဆက်လိုက်ပါဦး၊ အန်တီပျင်းနေမှာ စိုးလို့ စကားပြောလိုက်နော်'

ဟု အခန်းတွင်းရှိ သားဖြစ်သူအား ပြောလိုက်၏။ ခဏအကြာတွင် အိပ်ခန်းဝခန်းဆီးစအောက်ခြေမှ ခြေထောက်ကလေးနှစ်ချောင်းကို စမြင်ရပြီး နောက် တဖြည်းဖြည်းဘောင်းဘီ၊ ပြီးတော့ စွပ်ကျယ်ဝတ်ထားသော ဗိုက်ကလေး၊ နောက်ဆုံး မှ မျက်နှာမြင်ရကာ ခန်းဆီးစကိုမဖယ်ဘဲ ခေါင်းနှင့် လျှောတိုက်၍ ဝင်လာကာ ကျွန်မ အား ညွှ့်ခံစကားပြောမည့် ပုဂ္ဂိုလ်လေးသည် လှုပ်တုတ်လှုပ်တုတ်နှင့် လျှောက်လှမ်း လာပြီး ကျွန်မနှင့် မျက်နှာချင်းဆိုင် ဆက်တီခုံပေါ်မှာ အကျအန တက်ထိုင်လိုက်ပါသည် ။ သုံးနှစ်အရွယ်မို့ ခြေ ထောက်လေးများက ကြမ်းပြင်ကိုမထိ။ အသားဖြူဖြူ၊ ကိုယ်လုံးပြည့်ပြည့်၊ ပါး ဖောင်းဖောင်း၊ ကြည်လင်သော မျက်လုံးဝိုင်းကြီးများ နှင့် နှာတံဖြောင့်စင်းကာ ပိရိသေသပ်သော နှုတ်ခမ်းထူအိအိက ရဲရဲလေး၊ ဆံပင်နက်တွန့် ကွေးလေးက ပျော့ပျော့ ခွေခွေနှင့် ကေသီ၏ သားငယ်သည် မြင်မြင်ချင်း ချစ်စဖွယ် ပင်။

ကျွန်မက သူ့ကို . . .

'နာမည် ဘယ်လိုခေါ်လဲဟင်'

'လှဲ့လှဲ့မြင့်မြတ်ထက်'

အင် . . . ကျွန်မ ရယ်ချင်သွားသည် ။ သူသည် ကျွန်မထံ မလာမီ ကလေးမှာ သူ့အမေဆီမှ ကျွန်မနာမည်ကို စုံစမ်းခဲ့ပုံရ၏။

'အဲဒါ . . . အန်တီ့နာမည်လေ၊ အန်တီက သားနာမည်ကိုမေး တာ'

သူက မျက်နှာခပ်တည်တည်ဖြင့် အသံကလည်း ပီပီသသ

'ချင်းမြေ့ဝမ်း'

ဟင် . . . ဘယ့်နှယ့် နာမည်ကြီးပါလိမ့်၊ ဒါလောက်ချစ်စရာကောင်းတဲ့ ကလေးလှလှလေးကို မိကေသီ ဘယ်လိုနာမည် မှ ည့်ထားပါလိမ့်နော်၊ သူ့ ယောက်ျား ကလည်း ဗမာအစစ်ပါ။ သူများ နဲ့ မတူအောင် ဆန်းရင်ပြီးရော လုပ်လိုက်တာလား၊ ကျွန်မ ဇဝေဇဝါဖြစ်နေဆဲ . . .

'ဟား . . . ဟား . . . ချင်းမြွေဝမ်းဆိုတာ ချမ်းမြွေ့ဝင်းလို့ ပြောတာ အန်တီရဲ့ ၊ သခွီးသား. . . သခွားသီး၊ အောင်မြှိန် . . . အိမ်မြှောင်၊ ပီဆောက် . . . ပေါက်စီ၊ အေးကြာကွီ . . . အီကြာကွေး . . . ဟိ . . . ဟိ'

ဟာ . . . ပုဂ္ဂိုလ်လေးက တွေ့တွေ့ချင်းပညာပြလိုက်တာကိုး။ကျွန်မသည် ငယ်ငယ်ရွယ်ရွယ်နှင့် ဟာသဉာဏ်ရွှင်နေသော ကလေးငယ်အား ချစ် ခင်စွာ ပြုံးမိပြီး

'သားနာမည်က ချစ်စရာလေးပဲ'

'အန်တို့ နာမည်ကလည်း ချစ်စရာလေးပဲ'

အမယ်၊ တယ်ဟုတ်ပါလား ဘာပဲဖြစ်ဖြစ် သူနဲ့ ကျွန်မနဲ့ ဟာမိုနီဖြစ်သွားပြီ။

သူ၏ သွက်လက်ချက်ချာမှုကို သဘောကျနေဆဲ . . .

'အန်တီ ဘယ်မှာ နေလဲဟင်'

သူက ပြုံးပြုံးလေးမေး၏။

' စမ်းချောင်း . . . မှာ နေပါတယ်ရှင်'

သူ့မေးခွန်းကို ဂရုတစိုက်ဖြေပေး၍ ကျေနပ်ဟန်ရှိ၏။

'အန်တီ ထမင်းစားပြီးပြီလား'

'စားခဲ့ပြီးပြီ'

'ဘာဟင်းနဲ့ စားသလဲ'

ဒီကလေးသည် အရင်ဘဝ၊ ဘဝများက မော်ဒယ်တွေကို ဗျူးတဲ့ မော်ဒယ် ပြူး (အဲ . . . ဟုတ်ပေါင်) မော်ဒယ်ဗျူးဆရာများ ဖြစ်လေသလား ယုံမှားစရာပင်။

'အန်တီစားခဲ့တဲ့ ဟင်းတွေက ကြက်သား၊ ဝက်သား၊ ငါးရံ့၊ ဆိတ် ကလီစာ၊ ငါးဖယ်သုပ်၊ မှိုကြန်စွန်း၊ အစိမ်းကြော်၊ သီးစုံချဉ်ရည်၊ ငပိကြော်၊ တို့စရာ၊ တညင်းသီး၊ သခွားသီး . . .'

'ဟာ . . . အန်တီကလည်း ဖောလျှော'

'ဟင် . . . ဘာလဲ၊ ဖောလျှော'

'ကိုကိုပြောတာလေ၊ ဖောလျှော'

ဘာလဲမသိ၊ ဖောလျှော၊ ဒီခေတ်ကလေးတွေရဲ့ ဗန်းစကားလား၊ ကျွန်မတော့ နားမလည်၊ မနှံ့စပ်၊ သူကလေးက စိတ်မရှည်ဟန်ဖြင့်

'အန်တီကလည်း လျှောက်ပြောနေတာပဲ'

အင်း . . . ကလေးတွေ အမှန်တရားကို ချစ်မြတ်နိုးစေဖို့ လူကြီးတွေ ကိုယ်တိုင်က ရှေ့မှ အမှန်တရားကို လိုက်နာကျင့်သုံးပြရမည်လေ။ ဒါကြောင့် ကျွန်မ သူ့ကို မညာကြောင်း အခိုင်အလုံပြောပြရသည် ။

'သြော် . . . အန်တီက တကယ်ပြောတာပါသားရယ်၊ အန်တီ အလှူအိမ်က စားခဲ့တာလေ၊ ဒါကြောင့် ဟင်းတွေစုံနေတာပေါ့။ အချိုပွဲတောင်ပါ သေးတယ်'

ဒီတော့မှ ကျွန်မအဖြေကို သူ ယုံကြည်လက်ခံသွားပုံရသည် ။ လိမ်ညာခြင်း ကို မလိုလားသည့် သန္ဓေဗီဇလေးက ချစ်စရာပင်။

ထိုစဉ် ခေါင်းလောင်းသံကြား၍ သူ အိမ်ရှေ့ဝရန်တာသို့ ပြေးထွက်သွားကာ သတင်းစာယူလာသည် ။ ကျွန်မကို သတင်းစာလှမ်းပေးရင်း

'ဝတ်မှုံရွှေရည် ရသွားတယ်'

'ဟင် . . . ဘာရတာလဲ'

'အကယ်ဒီမီ ရွှေစင်ရုပ်ဆုလေ'

သူက လူကြီးဟန်နှင့် ခပ်တည်တည်ပင်၊ ကျွန်မကို ရွယ်တူတန်းတူပမာ စကားပြော နေသကဲ့သို့ ရှိ၏။ ကျွန်မလည်း မနေ့ညက ရုပ်မြင်သံကြားမှာ ပါပြီးသော အကယ်ဒမီသတင်းကို သတင်းစာမှာ ထပ်မံဖတ်ကြည့်လိုက်သည် ။ ကျွန်မသတင်း စာဖတ်နေစဉ် သူက ကျွန်မကို ထိုင်ကြည့်နေ၏။ ကျွန်မက သတင်းစာဖတ်ပြီးတော့ စားပွဲပေါ်တင်လိုက်သည် ။ သည် အခါမှာ သူက . . .

'အန်တီက မေသန်းနုနဲ့ တူတယ်'

အို. . . ကျွန်မရင်ထဲ လှိုက်ခနဲခုန်ကာ ဝမ်းသာသွားမိသည် ။ ကလေးဆိုတာ အမှန်တရားကို မဖုံးကွယ်ဘဲ ပွင့်ပွင့်လင်းလင်းပြောတတ်ကြောင်း ကျွန်မကြား ဖူးသည် ။ လိမ်ညာခြင်းကို မလိုလားသည့် သန္ဓေဗီဇလေးလည်း ရှိကြသည် လေ။ အင်း . . . မိကေသီပြောတာ ဟုတ်နေပါပြီ။ ဒီကလေးက ဉာဏ်သိပ်ကောင်းတယ်။ အမေကတောင် ပြန်သင်ယူရမည့် ကလေးဆိုတာ အမှန်ပဲ။ သိပ်သိနေတာပဲလေ။ ချစ်စရာ ကောင်းလိုက်တဲ့ ကလေး . . .။

ဟုတ်မှာ . . . ဒီနေ့ ကျွန်မအလှူအိမ်သွားမှာ မို့ သပ်သပ်ရပ်ရပ် ပြင်ဆင်လာခဲ့သည် ။ ခါးတိုရင်စေ့အင်္ကျီနှင့် ချိတ်ထဘီဝတ်လာသည် ။ မျက်နှာ ကိုလည်း ကြည့်ပျော်ရှုပျော်ရှိအောင် ခြယ်သခဲ့သည် ။ မသိမသာ

လေး . . . ဒါတောင် အစွမ်းကုန် မဟုတ်သေး။ ဒီတော့ အမှတ်တမဲ့ကြည့် လိုက်ရင် ကေသီပန်ကြော်ငြာထဲ က မေသန်းနုနဲ့ နည်းနည်းလေးဖြစ်ဖြ စ် ဆင်နေမှာ ပေ့ါ နော်။

'အန်တီက ဆံပင်ကော၊ အင်္ကျီကော၊ ထဘီကော မေသန်းနုလိုပဲ'

ကျွန်မကို သေသေချာချာကြည့်ပြီး ဝေဖန်နေရာမှ

'ဟိုမှာ လေ'

ဟု ဆိုကာ သူ၏ ချစ်စဖွယ်လက်ညှိုးဖောင်းဖောင်းကစ်ကစ်လေးဖြ င့် ကျွန်မ၏ နောက်ကျောဘက်သို့ ညွှန်ပြ၏။

ကျွန်မလည်း နောက်ကျောဘက်သို့ လည်ပြန်လှည့်ကြည့်လိုက် တော့မှ မြင်တော့သည် ။ ရုပ်မြင်သံကြားကို အရုပ်သာဖွင့်ထားပြီး အသံ ခလုတ် ပိတ်ထား သဖြင့် ဖွင့်ထားမှန်းသတိမထားမိ။ ကျွန်မ၏ နောက် ကျောဘက်လည်း ရောက်နေမှ ကိုး။ တနင်္ဂနွေနေ့လယ် မြန်မာဗီဒီယိုဇာ တ်လမ်းအစီအစဉ်ဖြစ်နေ၏။ မေသန်းနုပါ သောဇာတ်ကား။ မေသန်းနု ကဝေဠုကျော်၏ အမေ။ အသက်ကြီးခန်း၊ လူမမာနှလုံး ရောဂါသည် ။ အိပ်ရာပေါ်မှာ မျက်တွင်းဟောက်ပက်။ ပက်လက် . . .။

အော် . . . ငါ့နှယ် . . . ဖြစ်မှ ဖြစ်ရလေတယ်ကွယ်။

*